FORT WAYNE
Public Works
*In Your Neighborhood*

ထုတ်ပြန်ချက်- စက်တင်ဘာလ၂၆, ၂၀၂၄၊ ကြာသပတေးနေ့။
ဆက်သွယ်ရန်- Natalie Eggeman၊ natalie.eggeman@cityoffortwayne.org၊ 260-427-1167

## **သစ်ရွက်ကောက်ခြင်းကို အောက်တိုဘာလ ၂၈ရက် နေ့တွင် စတင်မည်ဖြစ်ပါသည်**

Fort Wayne, Ind. – အောက်တိုဘာလ 28 ရက်နေ့မှစတင်၍ ဖို့ဝိန်းလမ်းဌာန (Fort Wayne Street Department) မှ မြို့တော်၏ ရပ်ကွက်ပေါင်း ၄၀၀ ကျော်အတွင် သစ်ရွက်ကောက်ခြင်းများ ပြုလုပ်ပါမည်။ ယခုနှစ်အတွင် သစ်ရွက်ကောက်ခြင်းကို ဒီဇင်ဘာ ၁၃ ရက်နေ့အထိ လုပ်ဆောင်မည်ဖြစ်သော်လည်း ရာသီဥတုအခြေအနေ (သို့မဟုတ်) သီးခြားဧရိယာများတွင် အရွက်များ၏ ပမာဏပေါ်မူတည်၍ စီစဉ်ထားသည့်အချိန်ဇယား အနည်းငယ် ပြောင်းလဲနိုင်ပါသည်။ အချိန်ဇယားတွင် အပြောင်းအလဲရှိပါက ရက်ကွက်သူ/သား များအား အသိပေးရန် သစ်ရွက်ကောက်ခြင်းဆိုင်ရာ သတင်းသစ်များအား ညနေ ၃း၀၀နာရီ မတိုင်မီ နေ့စဉ် cityoffortwayne.org/leaves တင်ပေးမည်ဖြစ်ပါသည်။ ထို့နေ့စဉ်သတင်းတွင် နောက်နေ့အတွက် ဝန်ထမ်းများ အလုပ်လုပ်မည့် ရပ်ကွက်စရင်းများ ပါဝင်မည်ဖြစ်ပါသည်။ လုပ်ငန်းစဉ်အတွက် မြေပုံနှင့် လမ်းညွှန်ချက်များကိုလည်း ဝဘ်ဆိုက်စာမျက်နှာပေါ်တွင် ထားရှိမည်ဖြစ်ပါသည်။ ထို့အပြင်၊ ရပ်ကွက်သူ/သား များသည် **260-427-2302** သို့ ခေါ်ဆိုပြီး အသံသွင်းထားသော သစ်ရွက်ကောက်ခြင်းဆိုင်ရာ နေ့စဉ် သတင်းများကို နားထောင်နိုင်ပါသည်။

## **၂၀၂၄ ဖို့ဝိန်း သစ်ရွက်ကောက် အချိန်ဇယား**

- **ဗဟိုရပ်ကွက်များ (**Central Neighborhoods) **၊ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၁ ရက်နှင့်၊ နိုဝင်ဘာ ၁၈ မှ နိုဝင်ဘာ ၂၂ ရက်အထိ။**
- **တောင်ပိုင်းရပ်ကွက်များ** (South Neighborhoods) **၊ နိုဝင်ဘာ ၄ ရက်မှ နိုဝင်ဘာ ၈ ရက်နှင့်၊ ဒီဇင်ဘာ ၂ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ။**
- **မြောက်ပိုင်းရပ်ကွက်များ** (North Neighborhoods) **၊ နိုဝင်ဘာ ၁၂ ရက်မှ နိုဝင်ဘာ ၁၅ ရက်နှင့်၊ ဒီဇင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ။**

နိုဝင်ဘာလ 11 ရက်နေ့ စစ်ပြန်များနေ့ (သို့မဟုတ်) နိုဝင်ဘာလ (28-29) ရက်နေ့ အားလပ်ရက်ဖြစ်သော ကျေးဇူးတော်နေ့တွင် သစ်ရွက်ကောက်ခြင်း မပြုပါ။

ရပ်ကွက်အတွင်း နေထိုင်သူများအနေနှင့် သစ်ရွက်များအား လမ်းဘေး (သို့) လူသွားလမ်းနှင့် လမ်းမကြား နေရာလွတ်တွင်စုပုံထားပါ။ လမ်းမပေါ်တွင် မထားပါနှင့်။ သစ်ရွက်များသည် လာကောက်မည့်အပတ် တနင်္လာနေ့ နံနက် ၇ နာရီအမှီ လာယူသည့်နေရာတွင် အဆင်သင့် ရှိသင့်ပါသည်။

## <u>သစ်ရွက်ကောက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ</u>

- သစ်ရွက်များအား အဖွဲ့သားများ လာကောက်မည့်ရက်တစ်ပတ်၏ ပထမနေ့ နံနက် ၇ နာရီ အမှီ လမ်းဘေးတွင် စုပုံထားရပါမည်။
- သစ်ရွက်များအား သင့်၏အမိုက်ပုံး (သို့) ပြန်လည်အသုံးပြုသော အမိုက်ပုံ (Recycling) ထဲသို့ မထည့်ပါနှင့်။
- သစ်ရွက်များအား မီး မရှို့ပါနှင့်။ မြို့တော်ကျင့်ထုံးကို ချိုးဖောက်ရာရောက်ပြီး ဒဏ်ငွေဆောင် ရနိုင်ပါသည်။
- သစ်ရွက်များကို လမ်းပေါ်မှာ မထားပါနှင့်။
- အရွက်များအား ရေမြောင်းများတွင် ထည့်ခြင်း ရေမြောင်းပေါ်တွင် ထားခြင်း မလုပ်ပါနှင့်။
- မိဘများအနေဖြင့် ဖြတ်သွား ဖြတ်လာကားများအား ကူညီရန် နှင့် ဘေးကင်းစေရန် မိမိတို့၏ ကလေးငယ်များအား လမ်းအနီးရှိ သစ်ရွက်ပုံများတွင် မကစားရန် သတိပေးသင့်သည်။

သစ်ရွက်သိမ်းရာတွင် မိမိအနေနှင့် အဆင်ပြေ လွယ်ကူချောမွေ့ စေရန် လိုက်လျှောညီထွေမှု လိုအပ်သူများအတွက် ဇီဝချေဖျက်နိုင်သောအိတ် စနစ်ကို အသုံးပြုနိုင်ပါသည်။ ဇီဝချေဖျက်နိုင်သော သစ်ရွက်ထည့်သော အိပ်များတွင်း အရွက်များအား ထည့်ပြီး ၃၁၁ သို့ ခေါ်ဆိုပြီး လာကောက်ယူရန် စီစဉ်နိုင်ပါသည်။ သစ်ရွက်အိတ်များကို ၃၁၁ သို့မခေါ်ဆိုမီ လမ်းဘေးတွင် ထားရန် လိုအပ်ပါသည်။ ရာသီဥတု ခွင့်ပြုသလောက် အိပ်နှင့်ထုပ်ပိုးထားသော သစ်ရွက်များကို 2024 နှစ်ကုန်သည်အထိ ကောက်ယူမည် ဖြစ်ပါသည်။

####